ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးဝန်ကြီးဌာန
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

အမှတ်၊ ၃၆၃/၄၂၁၊ ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

E-mail: dgdma@myanmar.com.mm , dma.myan@gmail.com
PO.Box: 194
Tel : 95 1 397640
Fax: 95 1 397641

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ မေလ ၂၁ ရက်

# ညွှန်ကြားချက် ( ၂/၂၀၁၅ )

အကြောင်းအရာ။ ရခိုင်ပြည်နယ်အတွင်းရှိ ကမ်းရိုးတန်းရေပြင်ဧရိယာနှင့် ဆက်စပ်လျက်ရှိသော ရေပြင်များကို ဖြတ်သန်းသွားလာရသည့် ရေလမ်းခရီးများတွင် ခုတ်မောင်းသွားလာသည့် ရေယာဉ်များ၏ အန္တရာယ်ကင်းရှင်းမှု အဆင့်အတန်း (Safety Standard) ပြောင်းလဲ သတ်မှတ်ခြင်းကိစ္စ

၁။ ရခိုင်ပြည်နယ်အတွင်းရှိ ရေလမ်းခရီးများအနက် အချို့သော ရေလမ်းခရီးများသည် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက သတ်မှတ်ထားသည့် ပြည်တွင်းရေကြောင်း ရေပြင်နယ်နိမိတ် (Inland Water Limit) ၏ ရေပြင်ဧရိယာအများစုအပြင် ကမ်းရိုးတန်းရေပြင်ဧရိယာနှင့်ဆက်စပ်လျက်ရှိသော ရေပြင်ဧရိယာအနည်းငယ်ကိုလည်း ဖြတ်သန်း သွားလာရသည့် ရေလမ်းခရီးများဖြစ်ရာ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် ပြည်တွင်းရေကြောင်းရေပြင်နယ်နိမိတ် (Inland Water Limit)၏ ပြင်ပဖြစ်သော ကမ်းရိုးတန်းရေပြင် ဧရိယာနှင့် ဆက်စပ်လျက်ရှိသော ရေပြင်များကို ဖြတ်သန်းသွားလာရသည့် ရေလမ်းခရီးများတွင် ခုတ်မောင်းသွားလာမည့် ရေယာဉ်များကို ကမ်းရိုးတန်းသွားရေယာဉ်များအတွက် သတ်မှတ်ထားသည့် အန္တရာယ်ကင်းရှင်းမှုဆိုင်ရာအဆင့်အတန်း (Safety Standard) အတိုင်း ပြည့်မီမှသာ သက်ဆိုင်ရာလက်မှတ်များ ထုတ်ပေး၍ ခုတ်မောင်းသွားလာခွင့်ပြုသွားမည်ဖြစ်သည်။

၂။ ကမ်းရိုးတန်းသွားရေယာဉ်များအတွက် သတ်မှတ်ထားသည့် အန္တရာယ်ကင်းရှင်းမှုဆိုင်ရာအဆင့်အတန်း (Safety Standard) ပြည့်မီ သည့်ကမ်းရိုးတန်းသွားရေယာဉ်များသာ ခုတ်မောင်းသွားလာခွင့်ရှိသည့် ရခိုင်ပြည်နယ်အတွင်းရှိ ရေလမ်းခရီးများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) စစ်တွေ-မြေပုံ

(ခ) မြေပုံ-ကျောက်ဖြူ

(ဂ) ကျောက်ဖြူ-တောင်ကုတ်

(ဃ) တောင်ကုတ်-မာန်အောင်

၃။ အဆိုပါရေလမ်းခရီးများတွင် ခုတ်မောင်းသွားလာသည့် ရေယာဉ်များသည် ရေယာဉ်၏ ကိုယ်ထည်ပိုင်း တည်ဆောက်ထားမှုများကို ကမ်းရိုးတန်းသွားရေယာဉ်များအတွက် သတ်မှတ်ထားသည့်စံနှုန်းများနှင့်အညီ ဆောင်ရွက်ထားရမည်ဖြစ်ပြီး ဝန်တင်မျဉ်း (Load Line)၊ အန္တရာယ်ကင်းရှင်းရေးဆိုင်ရာကိရိယာများ (Safety Equipment) နှင့် အသက်ကယ်ပစ္စည်းများ (Life Saving Apparatus) တို့ကို တိုင်းတာစစ်ဆေးမှုပြုလုပ်၍ ကမ်းရိုးတန်းသွားရေယာဉ်အဖြစ် မှတ်ပုံတင်ခြင်းကိုဆောင်ရွက်သွားရမည်ဖြစ်သည်။

မောင်မောင်ဦး
ညွှန်ကြားရေးမှူးချုပ်

**ဖြန့်ဝေခြင်း-**

ရေကြောင်းလုပ်ငန်းဌာနခွဲ၊ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊
ရေကြောင်းဌာနခွဲ၊ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊
ရေကြောင်းအင်ဂျင်နီယာဌာနခွဲ၊ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊
ပြည်နယ်နှင့် တိုင်းဒေသကြီးရုံးများဌာနခွဲ ( အောက်မြန်မာပြည် )၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်မြို့၊
ရခိုင်ပြည်နယ်၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ စစ်တွေမြို့၊

**မိတ္တူ-**

ပို့ဆောင်ရေးဝန်ကြီးဌာန၊
ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊
ဥပဒေနှင့် နည်းပညာစံများဌာနခွဲ၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊
ရေကြောင်းအန္တရာယ်ကင်းရှင်းရေး၊လုံခြုံရေးနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနခွဲ၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊
ပြည်နယ်နှင့် တိုင်းဒေသကြီးရုံးများဌာနခွဲ ( အထက်မြန်မာပြည် )၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မန္တလေးမြို့၊
စစ်ကိုင်းတိုင်းဒေသကြီး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မုံရွာမြို့၊
မကွေးတိုင်းဒေသကြီး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မကွေးမြို့၊
ကချင်ပြည်နယ်၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြစ်ကြီးနားမြို့၊
ရန်ကုန်တိုင်းဒေသကြီး၊ ရေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်မြို့၊

တနင်္သာရီတိုင်းဒေသကြီး၊ ရေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြိတ်မြို့၊
ဧရာဝတီတိုင်းဒေသကြီး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပုသိမ်မြို့၊
မွန်ပြည်နယ်၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မော်လမြိုင်မြို့၊
ပဲခူးတိုင်းဒေသကြီး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်မြို့၊
ရုံးလက်ခံ၊
မျှော။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးဝန်ကြီးဌာန
**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

အမှတ်၊ ၃၆၃/၄၂၁၊ ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

E-mail: dgdma@myanmar.com.mm , dma.myan@gmail.com    Tel : 95 1 397640
PO.Box: 194    Fax: 95 1 397641

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁၃ ရက်

# ညွှန်ကြားချက် ( ၁/၂၀၁၅ )

အကြောင်းအရာ။ **ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာ ခုတ်မောင်းသွားလာနိုင်ရေးကိစ္စ**

၁။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသည့် ရေယာဉ်များအား အန္တရာယ်ကင်းရှင်းစွာ ခုတ်မောင်းသွားလာနိုင်ရေးအတွက် ပို့ဆောင်ရေးဝန်ကြီးဌာနကို တာဝန်ခံ၍ စီမံဆောင်ရွက်လျက်ရှိသော ဌာနဖြစ်သည်။ ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာ ခုတ်မောင်းသွားလာနိုင်ရန် ရေယာဉ်မောင်းနှင်သူများ လိုက်နာရမည့် စည်းကမ်းများ၊ ခရီးသည်များ လိုက်နာရမည့် စည်းကမ်းများ၊ ရေယာဉ်ပိုင်ရှင်များ လိုက်နာရမည့် စည်းကမ်းများအားလည်း ခရီးသွားပြည်သူများ သိရှိနိုင်စေရန်အတွက်လည်းကောင်း၊ ရေယာဉ်ပိုင်ရှင်နှင့် ရေယာဉ်မောင်းနှင်သူများ သိရှိနိုင်စေရန်အတွက်လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် များရှိ ဆိပ်ကမ်းအသီးသီးတွင် ပညာပေးဆိုင်းဘုတ်များ စိုက်ထူလျက် အသိပေးကြေညာခဲ့ပြီးဖြစ်သည်။

၂။ သို့ရာတွင် ရေယာဉ်များအန္တရာယ် ကင်းရှင်းစွာ သွားလာနိုင်ရန် ထုတ်ပြန်ထားသည့် စည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှု အားနည်းခြင်း၊ ပျက်ကွက်ခြင်းများကြောင့် မလိုလားအပ်သော ဆုံးရှုံးမှုဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိလျက်ရှိရာ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများသည် မိမိတိုင်းဒေသကြီး/ပြည်နယ်များအတွင်း ခုတ်မောင်းပြေးဆွဲလျက်ရှိသည့် ရေယာဉ်များအား အန္တရာယ်ကင်းရှင်းစွာ ခုတ်မောင်းပြေးဆွဲစေရေးအတွက် ဖွဲ့စည်းထားသည့် သက်ဆိုင်ရာရေယာဉ်စည်းကမ်းထိန်းအဖွဲ့များကို စနစ်တကျအလေးထားကြပ်မတ် ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များရှိပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးကြီးကြပ်မှုကော်မတီများသို့ တင်ပြဆောင်ရွက်သွားရမည်ဖြစ်သည်။

၃။ တိုင်းဒေသကြီး/ပြည်နယ် များရှိ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများသည် သက်ဆိုင်ရာ ရေယာဉ်စည်းကမ်း ထိန်းသိမ်းရေးကော်မတီများက ရေယာဉ်များအန္တရာယ်ကင်းရှင်းရေးအတွက် ကြီးကြပ်ဆောင်ရွက်မှု အစီရင်ခံစာများကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များသို့တင်ပြလျက်ရှိသည့်နည်းတူရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန( ရုံးချုပ်)

သို့လည်း အပတ်စဉ် တနင်္လာနေ့တိုင်း ပူးတွဲပါ ပုံစံအတိုင်း မပျက်မကွက်ပေးပို့သွားရမည်ဖြစ်သည်။

၄။ ထို့အပြင် သက်ဆိုင်ရာ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များ၏ ရေယာဉ်အန္တရာယ် ကင်းရှင်းရေးဆိုင်ရာ ကြီးကြပ်ဆောင်ရွက်မှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် များရှိ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနများက အခါအားလျော်စွာ ကွင်းဆင်းစစ်ဆေးခြင်း၊ ရေယာဉ်မောင်းနှင်သူများနှင့် ခရီးသွားပြည်သူများအား ရေကြောင်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးခြင်း၊ ရှင်းလင်းဟောပြောမှု ဆောင်ရွက်ခြင်းတို့အားလည်း အပတ်စဉ် အစီရင်ခံစာ တွင်မှတ်တမ်းဓါတ်ပုံများနှင့်တကွ ထည့်သွင်းဖော်ပြသွားရန်ဖြစ်သည်။

၅။ အဆိုပါ ကွင်းဆင်းစစ်ဆေးမှုများတွင် စည်းကမ်း ဖောက်ဖျက်မှုများ စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေများအရ အရေးယူခြင်း ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် များရှိ ပုဂ္ဂလိကရေယာဉ်များ စနစ်တကျ ပြေးဆွဲနိုင်ရေးကြီးကြပ်မှု ကော်မတီသို့ တင်ပြ၍ ထိရောက်စွာဆောင်ရွက်သွားရန်ဖြစ်သည်။ ထို့အပြင် တိုင်းဒေသကြီး/ပြည်နယ် အတွင်းရှိ ခရိုင်၊ မြို့နယ်၊ ကျေးရွာ အဆင့် အထိ ခရီးသည်/ကုန်စည် ဆိပ်ကမ်း အသီးသီးတို့အားလည်း ရေကြောင်းအန္တရာယ်ကင်းရှင်းမှုရှိစေရေးအတွက် စီမံချက်ရေးဆွဲ၍ ကွင်းဆင်းစစ်ဆေးခြင်း နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်များနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းတို့ကို စီမံဆောင်ရွက်သွားရန် ဖြစ်ကြောင်းညွှန်ကြားသည်။

မောင်မောင်ဦး
ညွှန်ကြားရေးမှူးချုပ်

**ဖြန့်ဝေခြင်း-**

ညွှန်ကြားရေးမှူး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးရုံးများဌာနခွဲ ( အထက်မြန်မာပြည် )၊ မန္တလေးတိုင်းဒေသကြီး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မန္တလေးမြို့၊

ညွှန်ကြားရေးမှူး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးရုံးများဌာနခွဲ ( အောက်မြန်မာပြည် )၊ ရန်ကုန်တိုင်းဒေသကြီး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်မြို့၊

ပြည်နယ်နှင့် တိုင်းဒေသကြီးရုံးများဌာနခွဲ ( အထက်မြန်မာပြည် )၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မုံရွာမြို့၊

ပြည်နယ်နှင့် တိုင်းဒေသကြီးရုံးများဌာနခွဲ ( အထက်မြန်မာပြည် )၊ မကွေးတိုင်းဒေသကြီး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မကွေးမြို့၊

ပြည်နယ်နှင့် တိုင်းဒေသကြီးရုံးများဌာနခွဲ ( အထက်မြန်မာပြည် )၊ ကချင်ပြည်နယ်၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြစ်ကြီးနားမြို့၊

ပြည်နယ်နှင့် တိုင်းဒေသကြီးရုံးများဌာနခွဲ ( အထက်မြန်မာပြည် )၊ ရခိုင်ပြည်နယ်၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ စစ်တွေမြို့၊
ပြည်နယ်နှင့် တိုင်းဒေသကြီးရုံးများဌာနခွဲ ( အောက်မြန်မာပြည် )၊ ဧရာဝတီတိုင်းဒေသကြီး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပုသိမ်မြို့၊
ပြည်နယ်နှင့် တိုင်းဒေသကြီးရုံးများဌာနခွဲ ( အောက်မြန်မာပြည် )၊ မွန်ပြည်နယ်၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မော်လမြိုင်မြို့၊
ပြည်နယ်နှင့် တိုင်းဒေသကြီးရုံးများဌာနခွဲ ( အောက်မြန်မာပြည် )၊ ပဲခူးတိုင်းဒေသကြီး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်မြို့၊
ပြည်နယ်နှင့် တိုင်းဒေသကြီးရုံးများဌာနခွဲ ( အောက်မြန်မာပြည် )၊ တနင်္သာရီတိုင်းဒေသကြီး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြိတ်မြို့။

မိတ္တူ-

ပို့ဆောင်ရေးဝန်ကြီးဌာန

# ရေယာဉ်စည်းကမ်းထိန်းရေးအဖွဲ့၏ ရေယာဉ်စစ်ဆေးချက် အစီရင်ခံစာ

( စစ်ဆေးသည့်ရက်စွဲ/အချိန် )

၁။ စစ်ဆေးသည့်ရေယာဉ်အမည် -
၂။ စစ်ဆေးသည့် ရေယာဉ်၏ မှတ်ပုံတင်အမှတ် -
၃။ စစ်ဆေးသည့်ရေယာဉ်လိုင်းအမည်/ပိုင်ရှင်အမည် -
၄။ ရေယာဉ်သွားရောက်မည့်ခရီးစဉ် -
၅။ ခရီးသည် ( ခွင့်ပြုဦးရေ/စီးနင်းသည့်ဦးရေ ) -
၆။ တင်ဆောင်ထားသည့် ကုန်စည်တန်ချိန် -

## စစ်ဆေးတွေ့ရှိချက်

| စဉ် | စစ်ဆေးရမည့်အချက်အလက် | မှတ်ချက် |
|---|---|---|
| ၁။ | သက်တမ်းရှိသည့်အန္တရာယ်ကင်းရှင်းကြောင်းသက်သေခံလက်မှတ် (စစ်ဆေးပြီးကြောင်းသက်သေခံ လက်မှတ်) ရေယာဉ်ပေါ်တွင် ရှိ/မရှိ စစ်ဆေး ခြင်း | |
| ၂။ | ပြေးဆွဲမည့် ခရီးစဉ်အတွက် ခွင့်ပြုထားသည့် လုပ်ငန်းလိုင်စင် ရေယာဉ်ပေါ်တွင် ရှိ/မရှိ စစ်ဆေးခြင်း | |
| ၃။ | သတ်မှတ်ထားသည့် ကျွမ်းကျင်မှုလက်မှတ်ကိုင်ဆောင်ထားသောရေယာဉ်အုပ်နှင့်စက်ခန်းအုပ်တို့က ရေယာဉ်ကိုမောင်းနှင်ခြင်း ရှိ/မရှိ စစ်ဆေးခြင်း | |
| ၄။ | ရေယာဉ်အန္တရာယ်ကင်းရှင်းစွာ ခုတ်မောင်းသွားလာနိုင်ရန်သတ်မှတ်ထားသော သင်္ဘောသားဦးရေ ရေယာဉ်ပေါ်တွင် ရှိ/မရှိ စစ်ဆေးခြင်း | |
| ၅။ | သတ်မှတ်ထားသည့်ခရီးသည်ဦးရေထက်ပိုမို၍ရေယာဉ်ပေါ်တွင် တင်ဆောင်ထားခြင်း ရှိ/မရှိ စစ်ဆေးခြင်း | |
| ၆။ | သတ်မှတ်ထားသည့် အသက်ကယ်အင်္ကျီ၊ အသက်ကယ်ဖောင်နှင့် အသက်ကယ်ပစ္စည်းများ ရေယာဉ်ပေါ်တွင် ပြည့်စုံစွာ ရှိ/မရှိ စစ်ဆေးခြင်း (တွေ့ရှိသည့်စာရင်းအားဖော်ပြရန်) | |
| ၇။ | သတ်မှတ်ထားသည့် မီးသတ်ဆေးဘူးများ ရေယာဉ်ပေါ်တွင် ပြည့်စုံစွာ ရှိ/မရှိ စစ်ဆေးခြင်း | |
| ၈။ | သတ်မှတ်ထားသည့် ဝန်တင်မျဉ်း နစ်မြုပ်သည်အထိကုန်တင်ဆောင်ထားခြင်း ရှိ/မရှိ စစ်ဆေးခြင်း | |
| ၉။ | ရေယာဉ်၏အမိုးပေါ်တွင် ခရီးသည် တင်ဆောင်ခြင်း ရှိ/မရှိ စစ်ဆေးခြင်း | |
| ၁၀။ | ရေယာဉ်အမိုးပေါ်တွင် ကုန်တင်ဆောင်ထားခြင်းရှိ/မရှိ စစ်ဆေးခြင်း | |

စစ်ဆေးခဲ့သည့် စည်းကမ်းထိန်းသိမ်းအဖွဲ့ခေါင်းဆောင်